ကညီသးစၢ်ကရၢ (လီၢ်ခၢဉ်သး)
**KAREN YOUTH ORGANIZATION (Central)**
**Email**: kyohqktl@gmail.com

# (၇၁) ကြိမ်မြောက် ကရင့်အမျိုးသားအာဇာနည်နေ့ သို့ ပေးပို့သော ကရင်လူငယ်အစည်းအရုံး၏ သဝဏ်လွှာ

နေ့စွဲ - ၁၂ ရက်၊ ဩဂုတ်လ၊ ၂၀၂၀ ခုနှစ်

ကရင့်အမျိုးသားခေါင်းဆောင်များ၊ ရဲဘော်ရဲဘက်များ၊ မိဘပြည်သူ အပေါင်းတို့

ရှေးဦးစွာ ကရင့်အမျိုးသားအာဇာနည်အပေါင်းကို ရိုသေးလေးစားစွာဖြင့် ဦးညွတ်ဂုဏ်ယူ အလေးပြု အပ်ပါသည်။ ဤနေ့သည် ကရင်တမျိုးသားလုံးအတွက် မမေ့အပ်သော နေ့ထူးနေ့မြတ်တစ်နေ့ ဖြစ်သကဲ့သို့ ခေါင်းဆောင် ကြီးစောဘဦးကြီး နှင့် ရဲဘော်ရဲဘက်များ မှ ကရင့်တော်လှန်ရေးအတွက် အသက်ပေးလှူခဲ့သော နေ့တစ်နေ့ ဖြစ်ပါသည်။

အဘယ်ကြောင့် ကရင့်အမျိုးသားအာဇာနည်များ မှ ကိုယ်ကျိုးစွန့် အသက်သွေးချွေး ပေးလှူခဲ့ရသည် ဆိုသည်ကို ကရင်တမျိုးသားလုံးမှ သိထားသင့်ပေသည်။ မဟာလူမျိုးကြီးဝါဒီများ၏ လွှမ်းမိုးဖိနှိပ်မှုမှ ကရင်လူမျိုးများမပျောက်ကွယ် သွားရစေရန်အတွက်သော်၎င်း၊ ကရင်လူမျိုး၏ အခွင့်အရေး၊ တန်းတူညီမျှမှု၊ လွတ်လပ်ရေး နှင့် ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့် ရရှိစေရန်အတွက်သော်၎င်း ကရင့်အမျိုးသားအာဇာနည်များ မှ တိုက်ပွဲဝင်ကာ အသက်ပေးလှူခဲ့ကြရပါသည်။ ယနေ့ဆိုလျှင် ကရင့်အမျိုးသားများအနေဖြင့် ကရင်အမျိုးသား အာဇာနည်နေ့ကို အောက်မေ့သတိရလျှက် အလေးအမြတ်ပြုကျင်းပလာခဲ့သည်မှာ နှစ်(၇၁) တိုင်ခဲ့ပြီ ဖြစ်ပါသည်။ သို့သော် ကရင့်အမျိုးသားအာဇာနည်များ ၏ မျှော်မှန်းချက် နှင့် အမျိုးသားရေး အန္တိမပန်းတိုင် သို့ မရောက်ရှိသေးပါ။ ကရင်အမျိုးသားထုတရပ်လုံးအနေဖြင့် ပြန်လည်ဆင်ခြင်သတိတရ ရှိသင့်ပါသည်။ ကရင့် အမျိုးသားအာဇာနည်များ၏ ရည်မှန်းချက်ပြည့်ဝရန် ကရင်တမျိုးသားလုံး၏ လက်ထဲတွင် တာဝန်ရှိနေပါ သည်။ ကရင်အမျိုးသားထုတရပ်လုံးသည် မြေရှင်ပဒေသရာဇ်စနစ်ဆိုး၊ သက်ဦးဆံပိုင်စနစ်ဆိုး၊ ဖက်ဆစ် စနစ်ဆိုး နှင့် လူမျိုးကြီးဝါဒစနစ်ဆိုးများ၏ ဝါးမျိုမှုနှင့် ဖိနှိပ်အုပ်ချုပ်ချယ်လှယ်ခဲ့မှုများမှ လွတ်မြောက် ရန်အတွက် အမျိုးသားခေါင်းဆောင်များမှ နည်းအမျိုးမျိုး၊ ကဏ္ဍပေါင်းစုံမှ တွန်းလှန်ခဲ့ကြပြီဖြစ်ပါသည်။ သို့သော် ယနေ့အထိတိုင် စနစ်ဆိုးများ၏ အုပ်ချုပ်မှုအောက်မှ လွတ်မြောက်အောင်မြင်နိုင်ခြင်း မရှိသေးပါ။ ကရင်အမျိုးသားအာဇာနည်များ၏ ရည်မှန်းချက်များပြည့်ဝစေရန် နှင့် အနိုင်ကျင့်ဖိနှိပ်အုပ်စိုးမှုများ မှ လွတ်မြောက်ရန် ကရင်လူမျိုးတစ်ဦးစီတိုင်း၏ သွေးစည်းညီညွတ်မှု အင်အားပြယုဂ် တွင် အသီးသီး တာဝန်ရှိ နေပါသည်။

ရှေးယခင်ကတည်းကပင် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းကြရန် အမျိုးသား ခေါင်းဆောင်များမှ ကြိုးပမ်းခဲ့ကြသော်လည်း အခြားတဖက်မှ ကောက်ကျစ်စဉ်းလဲစွာဖြင့် လက်နက်အင်အား၊ မသမာသောနည်းလမ်းများဖြင့် တိုက်ပွဲအသွင်ဆောင်လာစေရန် ဖိအားပေးခဲ့သဖြင့် ယနေ့အထိတိုင် လွတ် မြောက်ရန် အမျိုးမျိုးရုန်းကန်ကြိုးပမ်းနေရဆဲ ဖြစ်ပါသည်။ သို့သော် ယခုကာလများအတွင်း နိုင်ငံရေးပြဿနာ ကို စားပွဲဝိုင်းဆွေးနွေးပွဲများဖြင့်ဖြေရှင်းရန် လမ်းစများစွာ ပေါ်ပေါက်လာပြီဖြစ်ပါသည်။ ထို့ကြောင့် ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး ၏ ဦးဆောင်မှုဖြင့် ကရင်အစုအဖွဲ့တိုင်းမှ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး နှင့် လူမှုဘဝသာယာဝပြောရေးများကို အခြားတိုင်းရင်းသားများနှင့် သာတူညီမျှ ရရှိနိုင်ရန် လက်တွဲကြိုးပမ်းကြပြီဖြစ်ပါသည်။ ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး ၏ ဦးဆောင် ဦးရွက်ပြုမှုသည် ကရင်တမျိုးသားလုံးအတွက် အလွန်တရာမှအရေးကြီးနေပါသည်။ ကရင်အမျိုးသားအားလုံး သွေးစည်းညီညွတ်စွာဖြင့် လက်တွဲ၍ တစ်ထောင့်တစ်နေရာမှ ကိုယ်ကျိုးစွန့်ကာ အနစ်နာခံပေးဆပ်ပြီး တိုက်ပွဲဝင်သွားကြပါစို့။ အမျိုးသားရေးရည်မှန်းချက် ပြည့်ဝအောင်မြင်ရန် အနစ်နာခံပေးဆပ်ပြီး ကိုယ်ကျိုးစွန့်

လျှက် ကိုယ်ပိုင်စွမ်းရည်၊ နိုင်ငံရေးစွမ်းရည်များပြည့်ဝစွာဖြင့် မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ကာ အချိန်နာရီအား လုပ်အားငွေအားဖြင့် တတ်စွမ်းသမျှ ပါဝင် လုပ်ဆောင်ကြပါစို့။ စပါးစေ့တစ်စေ့သည် မြေပေါ်သို့ ကျပြီးမပုပ်မပျက်ဘဲ စပါးပင်တစ်ပင် မဖြစ်လာနိုင်သကဲ့သို့ မိမိတို့ ကရင်လူမျိုးတစ်ဦးစီတိုင်း၏ ပေးဆပ်မှု၊ အနစ်နာခံမှု၊ ကိုယ်ကျိုးစွန့်မှုများ မရှိပါက အောင်မြင်ခြင်းပန်းတိုင်သို့ မည်သို့မျှရောက်ရှိနိုင်မည်မဟုတ်ပါ။ ယနေ့သည် ကရင့်အမျိုးသားအာဇာနည်ခေါင်းဆောင်များမှ ကရင့်အမျိုးသားရေး အောင်မြင်မှု ပန်းတိုင်ရောက်ရှိရန် လမ်းခင်းပေးခဲ့သည်ကို အမှတ်ရစေမည့် နေ့ထူးနေ့မြတ် ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် မိမိတို့အားလုံးမှ ညီညွတ်စွာဖြင့် ကရင့်အမျိုးသားအာဇာနည်အပေါင်းတို့ကို ပြန်လည်အမှတ်ရအောက်မေ့ခြင်း၊ ကျေးဇူးတင်ဂုဏ်ပြုခြင်း နှင့် အရိုအသေပေးအလေးပြုခြင်းများကို ကိုယ်၊ စိတ်၊ နှလုံး သုံးပါးစလုံး ဖြင့် မှန်းမျှော်ပြုလုပ်ရင်း ကရင့်အမျိုးသားရေး အောင်မြင်ခြင်းပန်းတိုင်သို့ ရောက်ရှိသည်အထိ စည်းလုံးညီညွတ်စွာ၊ ခံယူချက်ခိုင်မာစွာဖြင့် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး ၏ ဦးဆောင်ဦးရွက်ပြုမှုဖြင့် ဆက်လက်လျှောက်လှမ်းသွားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**"အာဇာနည်ဝိညာဉ် ကရင်တမျိုးသားလုံး အပေါ်တွင် ထာဝစဉ်ရှင်သန်ပါစေသော်"**

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**

**ကရင်လူငယ်အစည်းအရုံး**

**ကော်သူးလေ**